# Highlights from DVB Debate's Election Monitoring

## September 19, 2015

## "How can the Elections be Monitored?"

"ကျနော်တို့ပါတီမှာတော့ တနိုင်ငံလုံးအတိုင်းအတာနဲ့ လူဦးရေလည်း နည်းတော့ စောင့်ကြည့်ရေးကော်မတီတွေနဲ့ အရပ်ဖက်အဖွဲ့တွေကိုတော့ အားထားတယ်"

ဦးဒစ်ဆင်ထွန်းလင်း - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း(ကရင်ပြည်သူ့ပါတီ)

---

"မဲပေးမယ့်နေ့မှာ ကျင့်သုံးမယ့် ဘယ်ဟာကတော့ ပယ်မဲ၊ ဘယ်ဟာကတော့ အောင်နိုင်မဲ ဖြစ်သွားမယ်ဆိုတာမျိုး တိတိကျကျ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်တာမရှိသေးတာလည်း စောင့်ကြည့်ရမယ့် စိန်ခေါ်မှုဖြစ်တယ်"

ဦးဌေးဦး - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

---

"အခု မဲပေးတဲ့အခါမှာ တံဆိပ်တုံးနိုပ်လိုက်တဲ့အခါ အပြည့်ပေါ်ချင်ပေါ်မယ်၊ မင်က ၃ ပုံ ၁ ပုံလောက်ပဲ ထင်ရင်လည်း ထင်မယ်။ ဒီတော့ မဲအောင်မြင်မှုက မဲရုံမှူးရဲ့ လက်ထဲ၊ ကော်မရှင်ရဲ့လက်ထဲရောက်နေတယ်။ ဒါတွေအတွက်လည်း စိုးရိမ်ပါတယ်"

ဦးညိုထွန်း - လူ့ဘောင်သစ်ပါတီ

---

"ကျမတို့ပါတီအနေနဲ့ ၂၀၁၀ တုန်းကလည်း ကြိုတင်မဲဒဏ်ခံခဲ့ရတယ်။ ဒါကြောင့် ကြိုတင်မဲဆင်းကောက်တဲ့အခါ ပါတီကိုယ်စားပြု စောင့်ကြည့်မယ့် ကိုယ်စားလှယ်ပါ တပါထဲ ထည့်လိုက်မယ်။"

ဒေါ်စောစောဦး - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)

---

"ကြိုတင်မဲနဲ့ပတ်သက်ပြီးတော့ ကျနော်တို့က စိုးရိမ်မှုရှိတယ်။ စောင့်ကြည့်ဖို့ကတော့ တရားဥပဒေစိုးမိုးမှုကို အားကိုးရမှာပဲ။ နိုင်ငံခြားကရောက်လာတဲ့ ကြိုတင်မဲထုပ်တွေ ဖောက်ထားတာ၊ ဖျက်ထားတာရှိတာတွေ့ရင် ထောင် ၁ နှစ်ကျမယ့် ပြစ်ဒဏ်ရှိတယ်။ ဆိုတော့ တရားဥပဒေစိုးမိုးရေးဘောင်ထဲကနေ စောင့်ကြည့်မှာပါ"

ဦးဌေးဦး - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)

---

"ကြိုတင်မဲပေးရင် ပါတီတွေရဲ့ ကိုယ်စားလှယ်တွေ ရွေးကောက်ပွဲစောင့်ကြည့်သူတွေလည်း လိုက်ပါခွင့်ရှိတယ်။ ဒါကြောင့် စောင့်ကြည့်သူတွေအနေနဲ့လည်း ဥပဒေ၊ နည်းဥပဒေတွေကို သေချာသိထားဖို့လိုတယ်"

ဦးမြတ်မင်းဦး - ဒါနရေ့ဆောင်မြန်မာ

---

"ကျနော်တို့က မဲဆွယ်စည်းရုံးမှုတွေ၊ မဲစာရင်းတွေ ကြေညာတဲ့အတိုင်း ကပ်လား မဲရုံဂန်ထမ်းတွေရှိရဲ့လား၊ မဲစာရင်းပြင်တာတွေ ပြင်၊ မပြင်၊ မဲဆန္ဒရှင်ပြည်သူတွေ ဘယ်လောက်ပါဂင်မှုရှိမလဲ ဒါတွေ စောင့်ကြည့်သွားမယ်။ ဒါတွေက တဆင့် ၂၀၁၅ ရွေးကောက်ပွဲရဲ့ လွတ်လပ်ပြီးတရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနဲ့ လူထုပါဂင်မှုတွေ တိုင်းတာနိုင်မယ်။ နိုင်ငံရေးခေါင်းဆောင်တွေက ဒါကိုကြည့်ပြီး ရွေးကောက်ပွဲကို တိုင်းတာနိုင်မယ်"

ဦးစိုင်းရဲကျော်စွာမြင့် - ယုံကြည်ရသောရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့

---

"ကျမတို့ မင်းတပ်မှာဆို ရွှေ့ပြောင်းလုပ်သားတွေများတော့ ကြိုတင်မဲစောင့်ကြည့်ဖို့ ကိစ္စတွေ အများကြီးရှိနေတယ်"

ဒေါ်လိန်းစိမ်း - ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း(ချင်းတိုးတက်ရေးပါတီ)

---